# New York State's (11) Protected Groups under the Dignity for All Students Act

၁။ လူမျိုး
၂။ အသားရောင်
၃။ ကိုယ်အလေးချိန်
၄။ မူရင်းနိုင်ငံသား/လူမျိုးစု
၅။ ဘာသာတရား
၆။ ဘာသာရေးလုပ်ဆောင်မှု
၇။ မသန်မစွမ်းဖြစ်ခြင်း
၈။ လိင်စိတ်ခံယူမှု
၉။ လိင်–ကျား၊မ
၁၀။ လိင်–ကျား၊မ ဝိသေသလက္ခဏာ သို့မဟုတ် ဖော်ပြချက်
၁၁။ လိင်

**DASA ယေဘုယျဖော်ပြချက်။** "ကျောင်းပိုင်ပရဝန်အတွင်း သို့မဟုတ် ကျောင်း၏အစီအစဉ်တစ်ခုတွင် မည်သည့်ကျောင်းသား/သူကိုမျှ ကျောင်းဝန်ထမ်းများသို့မဟုတ် ကျောင်းသား/သူ များမှ အနှောက်အယှက်ပေးခြင်းမပြုရ။ မည်သည့်ကျောင်းသား/သူကိုမျှ ထိုသူ၏အဖြစ်မှန် သို့မဟုတ် သိရှိလာရသည့် လူမျိုး၊ အသားရောင်၊ ကိုယ်အလေးချိန်၊ မူရင်းနိုင်ငံသား၊ လူမျိုးစု၊ ဘာသာတရား၊ ဘာသာရေးလုပ်ဆောင်မှု၊ မသန်မစွမ်းဖြစ်ခြင်း၊ လိင်စိတ်ခံယူမှု၊ လိင်–ကျား၊မ (ဝိသေသလက္ခဏာ သို့မဟုတ် ဖော်ပြချက်အပါအဝင်)၊ သို့မဟုတ် လိင် စသည်တို့အပေါ် အခြေခံပြီး ကျောင်းဝန်ထမ်းများသို့မဟုတ် ကျောင်းသား/သူများမှ ခွဲခြားဆက်ဆံခြင်းမပြုလုပ်ရ။" (Section 12, Article 1 of the New York State Dignity For All Students Act, New York State Education Law Article 2, Effective July 1, 2012.

## အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်များ

**အနိုင်ကျင့်ခြင်း[1]**။ ယေဘုယျအားဖြင့် အောက်ပါ သွင်ပြင်လက္ခဏာများပါဝင်သည်။

- ✓ စွမ်းအားဘက်ညီမှုမရှိခြင်း
- ✓ ထိခိုက်နစ်နာစေရန်ရည်ရွယ်ခြင်း
- ✓ ထပ်ခါတလဲလဲပြုမူခြင်း

[1] http://www.p12.nysed.gov/dignityact/

**အနှောက်အယှက်ပေးခြင်း [2]**။ ထိခိုက်နစ်နာစေရန်ရည်ရွယ်ခြင်း၊ တိကျသောပစ်မှတ်ဆီသို့ဦးတည်ခံရခြင်း၊ သို့မဟုတ် ထပ်ခါတလဲလဲဖြစ်စဉ်များမပါဝင်ပါ။

[2] https://www2.ed.gov/about/offices/list/ocr/letters/colleague-201010.pdf

**ခွဲခြားဆက်ဆံခြင်း။**[3] တစ်ဦးချင်းစီတိုင်း သို့မဟုတ် လူအုပ်စုလိုက် သူတို့၏ အဖြစ်မှန် သို့မဟုတ် သိရှိလာရသည့် တစ်ဦးချင်း သို့မဟုတ် အုပ်စုတစ်စု၏အထောက်အထားများကြောင့် ဘေးဖယ်ခြင်းနှင့် အပျက်သဘောဆက်ဆံခြင်း။

[3] http://www.p12.nysed.gov

**ပစ်မှတ် သို့မဟုတ် ဓါးစားခံ။** အနိုင်ကျင့်ခြင်း၊ အနှောက်အယှက်ပေးခြင်း၊ သို့မဟုတ် ခွဲခြားဆက်ဆံခြင်းအားဖြင့် နာကျင်စေရန်ရည်ရွယ်ခံရသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်။

**အနိုင်ကျင့်သူ သို့မဟုတ် ကျူးလွန်သူ။** ပုဂ္ဂိုလ်တစ်ဦး/အဖွဲ့အပေါ် ဘက်လိုက်မှုများကို အခြေခံပြီး ရည်ရွယ်ချက်ဖြင့် ထပ်ခါတလဲလဲ နှောက်ယှက်ခြင်း၊ အနိုင်ကျင့်ခြင်း၊သို့မဟုတ် ခွဲခြားဆက်ဆံခြင်းအားဖြင့် ဆန့်ကျင်သော ပုဂ္ဂိုလ်တစ်ဦးသို့မဟုတ် အုပ်စုတစ်စု။

**ဘက်လိုက်ပြောဆိုပေးသူ သို့မဟုတ် ခုခံကာကွယ်ပေးသူ။** အနိုင်ကျင့်ခြင်း၊ အနှောက်အယှက်ပေးခြင်း၊ သို့မဟုတ် ခွဲခြားဆက်ဆံခြင်းခံရသူကို တိုင်ကြားပေးခြင်း၊ ခံရသူအတွက်ရပ်တည်ပေးခြင်း သို့မဟုတ် ဆရာ/ဆရာမ၊ ကျောင်းအုပ်ချုပ်သူ၊ သို့မဟုတ် အခြားကျောင်းဝန်ထမ်းတစ်ဦးထံမှ အကူအညီတောင်းခံပေးခြင်း အားဖြင့် ကူညီပေးသော ပုဂ္ဂိုလ်တစ်ဦး။

**Cyberbullying ဆိုက်ဘာတိုက်ခိုက်ခြင်း။** လိမ်ညာမှုများ ပျံ့နှံ့စေရန် ရည်ရွယ်ချက်၊ လွဲမှားသော သတင်းအချက်အလက်များ သို့မဟုတ် ဓါတ်ပုံများကိုမျှဝေခြင်းဖြင့် ပုဂ္ဂိုလ်တစ်ဦး၏ ဂုဏ်အသရေကိုပျက်ဆီးစေပြီး ထိုပုဂ္ဂိုလ်အားစိတ်ခံစားမှုပိုင်းနှင့် လူမှုရေးပိုင်းတွင် ထိခိုက်နစ်နာစေရန် အင်တာနက် သို့မဟုတ် အခြားသော လူမှုကွန်ယက်ဆိုဒ်များကို အသုံးပြုခြင်း၊ စာပို့ခြင်း သို့မဟုတ် အဆက်အသွယ်ပြုလုပ်ခြင်းများ။

**ကျောင်းအခြေအနေ။** ကျောင်းသား/သူ အားလုံး၊ ဆရာ/မများနှင့် ဝန်ထမ်းများအတွက် သင်ယူမှုတိုးမြှင့်ရန်၊ ဘေးကင်းသော ပတ်ဝန်းကျင်ရရှိစေရန် နှင့် အပေါင်းလက္ခဏာဆန်သော ပတ်ဝန်းကျင်ဖန်တီးပေးသည့် ယဉ်ကျေးမှုနှင့် ကျောင်းပတ်ဝန်းကျင်

**မျက်မြင်တွေ့သူ။** အနိုင်ကျင့်ခြင်း၊ အနှောက်အယှက်ပေးခြင်းနှင့် ခွဲခြားဆက်ဆံခြင်းကို သက်သေခံပေးသော တစ်စုံတစ်ဦး။

**ဘက်လိုက်ပြောဆိုပေးခြင်း။** အနိုင်ကျင့်ခြင်း၊ အနှောက်အယှက်ပေးခြင်း၊ သို့မဟုတ် ခွဲခြားဆက်ဆံခြင်းခံရသူကို တိုင်ကြားပေးခြင်း၊ ခံရသူအတွက်ရပ်တည်ပေးခြင်း သို့မဟုတ် ဆရာ/ဆရာမ၊ ကျောင်းအုပ်များ၊ သို့မဟုတ် အခြားကျောင်းဝန်ထမ်းများအား အကူအညီတောင်းခံပေးခြင်းအားဖြင့် ကူညီပေးသော ပုဂ္ဂိုလ်တစ်ဦး။

**<u>အရင်းအမြစ်များ</u>**

1. Stopbullying.gov
2. SAMHSA (Know Bullying App)
3. Center for Disease Control and Prevention (CDC)
4. Nobullying.com
5. Stopbullyingnowfoundation.org
6. Stompoutbullying.org
7. Teaching Tolerance
8. Pacer's National Bullying Prevention http://www.pacer.org/bullying/